ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လဟယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ခါးငွေ့ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) စီမံချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ၊ ၇ ရက်

ခါးငွေ့ကျေးရွာ

လဟယ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ခါးငွေ့ကျေးရွာ၊ လဟယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ၊ ၇ ရက်

မာတိကာ

စကားချီး

ခါးငွေ့ကျေးရွာအရင်းအမြစ်ပြဂြေပုံ၊ လဟယ်မြို့နယ်

ရာသီခွင်ပြ ပြက္ခဒိန်

ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

၁။ **နိဒါန်း**

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ **ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား-မ ဆိုင်ရာဆက်နွယ်မှု

၄။ **ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

၅။ **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

၆။ **ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ**
(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ
၇။ **ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**
(က) ဦးစားပေးစီမံချက်များ
(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ
၈။ **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ**
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း
(ခ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ဂ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း
(ဃ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်
၉။ **ဝမ်းစာဖူလုံမှုအခြေအနေနှင့် အကြွေးတင်မှုစစ်တမ်းကောက်ယူခြင်း**
၁၀။ **အိမ်ထောင်စုဓနအဆင့်သတ်မှတ်ခြင်း**
၁၁။ **ကျေးရွာအတွင်းရှိ လက်ရှိပညာသင်ယူနေသော ကျောင်းသားဦးရေစာရင်း**
အပိုင်း(ခ)
နောက်ဆက်တွဲ(၁) စီမံကိန်းဇယားများ
(၁) **လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**
ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ
(၂) **သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**
ဇယား(၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ
(၂-၂) **ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ**
ဇယား(၃) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ
(၃) **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ**
ဇယား(၄) ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
(၄) **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**
(၄-၁) **ဥစ္စာဓနအဆင့်အခြေအနေ**
ဇယား(၅) ဥစ္စာဓနအဆင့်အခြေအနေ
(၄-၂) **သီးနှံထုတ်လုပ်ရေး**
(၄.၂.၁) **စိုက်ပျိုးသော မြေဧရိယာ**
ဇယား(၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်မှု

(၄.၂.၂) **အဓိကသီးနှံနှင့် အထွက်နှုန်း**
ဇယား(၇) အဓိကသီးနှံနှင့် အထွက်နှုန်း
(၄.၃) **မွေးမြူရေးလုပ်ငန်း**
ဇယား(၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
(၄.၄) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးကဏ္ဍ**

ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးကဏ္ဍ
(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ
(၅.၁) **ဈေး**
ဇယား(၁၀) ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
(၂) **ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**
ဇယာ(၁၁) ကျေးရွာ၏လမ်းတည်ရှိမှု အခြေအနေ
(၅.၃) **ရေကြောင်းသယ်ယူပို့ဆောင်ရေး**
ဇယား(၁၂) ရေကြောင်းသယ်ယူပို့ဆောင်ရး
(၅.၄) **သယ်ယူပို့ဆောင်ရေးနှင့်ဝန်ဆောင်မှုများ**
ဇယား(၁၃) သယ်ယူပို့ဆောင်ရးယာဉ်များ
(၅.၅) **လျှပ်စစ်မီးရရှိမှု**
ဇယား(၁၄) လျှပ်စစ်ရရှိမှု အခြေအနေ
(၅.၆) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ**
ဇယား(၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
(၆) **ပညာရေး**
ဇယား(၁၆) ကျောင်းတက်နှုန်း
(၆.၂) **စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆေတာင်မှုများ**
ဇယား(၁၇) စာသင်းကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
(၇) **ကျန်းမားရေး**
(၇.၁) **အဖြစ်များသော ရောဂါများ**
ဇယား(၁၈) အဖြစ်များသောရောဂါများ
(၇.၂) **လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု**
ဇယား(၁၉) လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
(၇.၃) **ကျန်းမာရေးအထောက်အပံ့(ဆေးရုံ/ဆေးပေးခန်းများ)**
ဇယား(၂၀) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

(၇.၄) **ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး**

(၇.၄.၁) **သောက်သုံးရေ ရရှိနိုင်မှု**

ဇယား(၂၁) သောက်သုံးရေ ရရှိနိုင်မှု

(၇.၄.၂) **သန့်ရှင်းရေးအခြေအနေ(အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား(၂၂) အိမ်သာအမျိုးအစား

(၈) **ဘေးအန္တရာယ် ထိခိုက်မှု အခြေအနေ**

ဇယား(၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

(၉) **သဘာဝပတ်ဝန်းကျန်နှင့် သဘာဝအရင်းအမြစ်များ အခြေအနေ**

(၁၀) ကျား-မရေးရာ

ဇယား(၂၅) **ကျား-မရေးရာ**

နောက်ဆက်တွဲ

အိမ်ထောင်စုတစ်ခုချင်းစီ၏ အသေးစိတ်စာရင်း(၃-မျက်နှာဇယား) ပူးတွဲ

စကားချီ

ဤကျေးရွာစီမံချက်သည် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးခြင်းနှင့် လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိပြီး လိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို ဌာနဆိုင်ရာများမှ ပံ့ပိုးမှုများရယူခဲ့ပါသည်။ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပံ့ပိုးမှုများနှင့် စီမံကိန်းလုပ်ငန်းများ ကောင်းမွန်စွာ ဆောင်ရွက်သွားပါမည်။

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ၊ ၇ ရက်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ခါးငွေ့ကျေးရွာ၊ လဟယ်မြို့နယ်

ခါးငွေ့ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ပြီးခဲ့သော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့်ကျေးရွာသူ/သားများမှ ပူးပေါင်းကူညီ ဆောင်ရွက်တတ်လာခြင်း၊ ကျေးရွာတွင်လိုအပ်သောဖွံ့ဖြိုးရေးလုပ်ငန်းများကျန်ရှိခြင်းနှင့် ဝိုင်းဝန်း ထိန်းသိမ်းတတ်ခြင်း၊ ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများအား သိရှိရန် အတွက် တိကျသည့် သတင်းအချက်အလက်များရရှိရန် ရည်ရွယ်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များ၏ အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာ၏ အမှန်တကယ်လိုအပ်သော လုပ်ငန်းအချက်အလက်များ တိကျမှန်ကန်မှုရှိစေရန် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများမှ ကူညီဆောင်ရွက်ခြင်းများရှိပါသည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၄င်းကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျေးရွာလူထုကိုယ်တိုင်ပါဝင်ဦးဆောင် လုပ်ကိုင်ရသောစီမံကိန်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရခြင်း၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/သားများမှ နည်းပညာများရရှိခြင်း၊ ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများရှိသော်လည်းဖွံ့ဖြိုးရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်သောကြောင့် စွမ်းဆောင်ရည်များတိုးတက်လာခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှုအား လက်တွေ့သိရှိရပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ကားလမ်းဘေးတွင်တည်ရှိပြီး လဟယ်မြို့မှ (၁၅)မိုင် ကွာဝေးပြီး ဆိုင်ကယ်ဖြင့်သွားလျှင် (၁)နာရီ ကြာမြင့်ပါသည်။ ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သည်နှင့် အညီ တောင်ကမ်းစောင်းတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စပါး၊ ပြောင်း၊ ပဲ၊ လူးဆန် တို့ကို စိုက်ပျိုးကြပြီး အခြားသီးနှံများကို စာသောက်ဖို့ရန် အနည်းငယ် စိုက်ပျိုးကြပါသည်။ မွေးမြူရေး လုပ်ငန်းအနေဖြင့် ကြက်၊ ဝက်၊ နွား၊ နွားနောက်နှင့် ကျွဲများကို တစ်ပိုင်တစ်နိုင် အနေဖြင့်သာ မွေးမြူကြပါသည်။ ဒေသ၏ တစ်နှစ်မိုးရေချိန်လက်မ (၉၀)မှ (၁၀၀) ဝန်းကျင်ခန့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုပါသည်။ လူနှင့်အိမ်မွေး တိရစ္ဆာန်များသောက် သုံးရန်အတွက် စိမ့်စမ်းရေကိုသာ အားထားရပါသည်။

စိုက်ပျိုးမြေအများစုသည် ရွှေ့ပြောင်းတောင် ယာ များဖြစ်ကြပါသည်။ ရေမြေသဘာဝရာသီဥတုမှာ မိုးများသော ရာသီဥတုဖြစ်ပြီး လူနေအိမ်များ မှာ ရုံး၊ တောထန်း၊ ဝါးများဖြင့် တည်ဆောက်ထားသည့်အတွက် မီးဘေးအန္တရာယ် ကျရောက်နိုင် သည့် အခြေအနေရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် တောင်ယာမြေများသာ အသင့်အတင့် ပိုင်ဆိုင်ကြပြီး မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူများသည် သီးနှံ စိုက်ပျိုးရာတွင် မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြပြီး စပါး၊ ပြောင်းဖူးနှင် လူးဆန်များ စသည့် သီးနှံများကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၂၀)၊ ကျား(၉၂)ဦး၊ မ(၇၁)ဦး ရှိပြီး လူဦးရေပေါင်း (၁၆၃)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၈%) ရှိပြီး အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် များနေသည်။ ကျေးရွာတွင် နာဂမျိုးနွယ်စုများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၁၂%)ခန့်ရှိပြီး အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်များပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာ၏ဝင်ငွေရသည့်လုပ်ငန်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အများစုမှာ တောင်ယာပိုင်ဆိုင်ကြပြီး မွေးမြူရေး လုပ်ငန်းအား စီးပွားဖြစ်မဟုတ်ပဲ အိမ်စားရုံနှင့် တစ်နိုင်တစ်ပိုင်သာ မွေးမြူကြသောကြောင့် အိမ်ထောင်စုတစ်စုချင်းစီ၏ မိသားစုနှင့်စီးပွားရေးမျှတမှုမှာ လောက်ငှရုံသာရှိ၍ ပိုလျှံမှု မရှိသည့်အတွက် ပိုင်ဆိုင်မှုနှင့် မမျှတမှုတွင် အသင့်အတင့်မျှသာ ဖြစ်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ်မလုပ်ကိုင်ခြင်း၊ မြို့နှင့် အလှမ်းဝေးကွာ၍ ရောင်းချရန်စျေးကွက်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် အခြေခံ လူနေမှုအဆင့်အတန်းများတွင် ဆင်းရဲနွမ်းပါးမှုရှိပြီးပညာရေး၊ ကျန်းမာရေး၊ အသိအမြင်များ ချို့တဲ့ သည့်အတွက် ထိခိုက်လွယ်မှု အသင့်အတင့်ရှိပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာရှိ လူအများစုမှာ သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြ၍ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရန်အတွက်ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသော်လည်း ပုံမှန်ဖျားနာမှုများဖြစ်ပါက ကျေးလက်ဆေး ပေးခန်းသို့ သွားရောက်ကုသကြပါသည်။ ရောဂါအသည်းအသန်ဖြစ်သောအခါ ကျေးရွာနှင့် (၁၅)မိုင် ကွာဝေးသော လဟယ်မြို့ရှိ မြို့နယ်ဆေးရုံတွင်

သွားရောက်ကုသမှု ခံယူလျက်ရှိပါသည်။ ကျေးရွာ တွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်သောကြောင့် အာဟာရပြည့်ဝမှုမှာ အသင့်အတင့်ရှိပါ သည်။

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်းရှိ၍ရွာရှိကလေးများသည်စာသင်ကြပြီး မူလတန်း အောင်မြင်ပါက အလယ်တန်းနှင့် အထက်တန်းကို လဟယ်မြို့ရှိ ကျောင်းများတွင် ဆက် လက်ပညာသင်ယူကြပါသည်။ ကျေးရွာရှိလူကြီးများသည် အတန်းပညာတတ် မြောက်မှုနည်းပါး၍ တောတောင်လုပ်ငန်းများကိုသာ ကျွမ်းကျင်ကြပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာ၏ကျားမဆိုင်ရာဆက်နွယ်မှုတွင် အမျိုးသားများသာဦးဆောင်မှုပြုပြီးအမျိုးသမီး များ၏ပါဝင်လုပ်ဆောင်မှုသည်နည်းပါးပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် ဘာသာရေးဆိုင်ရာအဖွဲ့အစည်း၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်းများရှိပြီး ကျေးရွာရှိဖွံ့ဖြိုးရေးဆိုင်ရာများ ကောင်းမွန်လာစေရေး အစည်းအဝေးများပြုလုပ်ပြီး စီမံဆောင်ရွက် ကြပါသည်။

(ခ)သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ

စိုက်ပျိုးရေးကဏ္ဍမှ ထုတ်ကုန်များကိုစားသောက်ရန်ပိုလျှံသည့်အခါ ရွာနီးချင်းကျေးရွာ နှင့်လဟယ်မြို့သို့ တက်ရောက်ရောင်းချ၍ သား၊ငါးကဏ္ဍတွင် နွားနောက်နှင့်ဝက်များကို စားသုံးမှုအတွက် ပိုလျှံသည့်အခါ လဟယ်မြို့သို့တက်ရောက် ရောင်းချပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေ ဖြင့် အိမ်တွင်ရိုးရာယက်ကန်းယက်ခြင်း၊ အခြားဝင်ငွေရလုပ်ငန်းများတွင် နေ့စားအလုပ်သမားများ အဖြစ် လုပ်ကိုင်ကြပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတွင် ပတ်ဝန်းကျင်သန့်ရှင်းမှုရှိစေရန်နှင့် စနစ်တကျအမှိုက်စွန့်ပစ်နိုင်ရန်အတွက် လူမှုရေးဆိုင်ရာအဖွဲ့များမှစီမံဆောင်ရွက်လျှက်ရှိသော်လည်း ပညာတတ်သူနည်းပါးပြီး လူဦးရေ များပြားသည့်အတွက် စနစ်တကျဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ ကျေးရွာတွင် သဘာဝရေအရင်း အမြစ်အား ကောင်းမွန်စွာ ဆောင်ရွက်၍ တစ်ရွာလုံးသုံးစွဲပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများမရှိပါ။ ကျေးရွာသူ/သားများသည် ငွေချေးလိုပါက လဟယ်မြို့တွင် စီးပွားရေးဘဏ်တစ်ခုသာရှိပါသည်။

(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ပညာသင်ကြားရန် မူလတန်းလွန်ကျောင်းရှိပြီး အလယ်တန်း၊ အထက်တန်းများအတွက် လဟယ်မြို့နယ်ရှိ ကျောင်းများတွင် ပညာသင်ကြားလျှက်ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲများမရှိပါ။ ကျေးရွာပတ်ဝန်းကျင်သန့်ရှင်းစေရေးအတွက် ကျေးရွာသူ/သားများအား အမှိုက်များစနစ်တကျစွန့်ပစ်မှု ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာရှိ လူငယ်များသည် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သာရေး/နာရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ကြပြီး မိမိတို့နာဂရိုးရာယဉ်ကျေးမှုကိုလည်း မြတ်နိုးတန်ဖိုးထားကြပါသည်။

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိ နေအိမ်အဆောက်အဦများသည် တောထမ်းမိုး၊ ဝါးကာအိမ်များသာရှိသောကြောင့် ဖွံ့ဖြိုးမှုညံ့၍ လက်လမ်းမှီမှုများမှာ အားနည်းလျှက်ရှိပြီး ကျေးရွာသည်တောင်စောင်းတွင်တည်ရှိထားသော ကြောင့် ကျေးရွာတွင်းလမ်းများမှာ လူသွားလမ်းသာ ဖောက်လုပ်ထားရှိပါသည်။ ကျေးရွာရှိ ကျေးရွာသူ /သားများသည် မီလင်းရေးအတွက် အိမ်အနည်းစုသည် တစ်အိမ်သုံးဆိုလာများသာရှိသည်။ ကျေးရွာသည် သတင်းအချက် အလက်များရရှိရန် ဖုန်းလိုင်း၊ Internetလိုင်းနှင့် ကျေးရွာ စာကြည့် တိုက်များမရှိပါ။

(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာသည် မြို့နှင့်အလွန်ဝေးကွာသော်လည်း တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူ့လုံခြုံရေးအနေဖြင့် မီးဘေးအန္တရာယ်သာ ရှိပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာသည် ရွှေ့ပြောင်းတောင်ယာကိုသာစိုက်ပျိုးခြင်း၊ အိမ်စားရုံသာမွေးမြူခြင်း၊ အသိပညာများနောက်ကျခြင်းစသည်များကို ကျော်လွှားနိုင်ပါက ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်မှုသည် များစွာကောင်းလာမည်ဖြစ်ကြောင်း တွေ့ရသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာသည်ရွှေ့ပြောင်းတောင်ယာအစား လှေကားထစ်လယ်ယာသို့ပြောင်းလဲစိုက်ပျိုးနိုင်မှု မရှိခြင်း၊ မိုးများသောကြောင့် ရာသီအလိုက်သီးနှံများ မစိုက်ပျိုးနိုင်ခြင်း၊ မွေးမြူရေးအား တစ်ပိုင်တစ်နိုင်သာ မွေးမြူခြင်း၊ ကုန်ပစ္စည်းများလွယ်ကူစွာ ရောင်းချနိုင်ရန်အတွက်ကျေးရွာနှင့် တောင်ယာသည် အလွန်ဝေးကွာခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး မြို့နှင့်အလှမ်းဝေးကွာခြင်း၊ စသည့် အခက်အခဲများရှိပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းအား မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးခြင်းဖြင့် ကောင်းမွန်လာစေရန်၊ နောင်တွင် ကျေးရွာရှိ ကျေးရွာသူ/သားများ စာတတ်မြောက်မှုများလာစေရန် အတွက် ကလေးငယ်များအား ပညာရေးတွင် ဦးစားပေးလေ့လာသင်ယူနိုင်စေခြင်းဖြင့် တိုးတက်လာစေရန်၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း၊ ကျန်းမာရေး၊ သာရေး/နာရေးလုပ်ငန်းများအား ကျေးရွာရှိ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ပါက ကျေးရွာသည် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျေးရွာတွင် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းအနေဖြင့် နွားနောက်မွေးမြူရေးလုပ်ငန်းအား စီးပွားဖြစ်မွေးမြူရန် ကြိုးပမ်းဆောင်ရွက် သွာမည်ဖြစ်ပါသည်။

၇။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးလက်အဆောက် အဦး	ကျေးရွာခန်းမ	၁၀၀	၁	ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ရန်ပုံငွေနှင့်နည်း ပညာအထောက်အပံ့ရရှိရန် သက်ဆိုင်ရာဦးစီးဌာန၊ ကျေးရွာသူ/ သားများအားလုံး ပူးပေါင်းဆောင်ရွက်သွားပါမည်။	သက်ဆိုင်ရာဌာန
ကျေးရွာမီးလင်းရေး	ရေအားလျှပ်စစ်ဖြင့် မီးလင်းရေးလုပ်ငန်း	၈၅	၂	ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ရန်ပုံငွေနှင့် နည်း ပညာအထောက်အပံ့ရရှိရန် သက်ဆိုင်ရာဦးစီး ဌာနနှင့် ကျေးရွာ သူ/သားများအားလုံး ပူးပေါင်း ဆောင်ရွက် သွားပါမည်။	သက်ဆိုင်ရာဌာန
ကျေးလက်အဆောက် အဦး	ပညာရေးဝန်ထမ်းအိမ် ရာဆောက်လုပ်ခြင်း	၈၄	၃	ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ရန်ပုံငွေနှင့်နည်း ပညာအထောက်အပံ့ရရှိရန် သက်ဆိုင်ရာဦးစီးဌာန၊ ကျေးရွာသူ/ သားများအားလုံး ပူးပေါင်းဆောင်ရွက်သွားပါမည်။	သက်ဆိုင်ရာဌာန
ကျေးရွာရေပေးဝေရေး	အိမ်တိုင်ရာရောက်ရေ ပေးရေးလုပ်ငန်း	၆၃	၄	ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ရန်ပုံငွေနှင့်နည်း ပညာအထောက်အပံ့ရရှိရန် သက်ဆိုင်ရာဦးစီးဌာနနှင့် ကျေးရွာ သူ/သားများအားလုံး ပူးပေါင်းဆောင်ရွက်သွားပါမည်။	သက်ဆိုင်ရာဌာန

(ခ)အကောင်အထည်ဖော်မည့် အချိန်ကာလ

စဉ်	စီမံချက်	အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျေးရွာခန်းမ	၁	✔			
၂	စီမံ့စမ့်ရေသွယ်တန်းခြင်း	၂		✔		
၃	ရေအားလျှပ်စစ်ဖြင့်မီးလင်းရေး	၃			✔	
၄	အိမ်တိုင်ရောက်ရေပေးရေး	၄				✔

၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာတွင်တာဝန်ရှိပါသည်။

(က)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လုပ်ငန်းတာဝန်	ဖုန်းနံပါတ်
၁	ဦးမောင်	၅/လဟန(နိုင်)၀၀၅၂၆၈	ဥက္ကဋ္ဌ	-
၂	ဦးအကြောင်း	၅/လဟန(နိုင်)၀၀၇၆၆၆	အတွင်းရေးမှူး	-
၃	ဦးသော်သော်	၅/လဟန(နိုင်)၀၂၀၂၆၅	စာရင်းကိုင်	-
၄	ဒေါ်ရင်းလေ	-	အဖွဲ့ဝင်	-
၅	ဒေါ်ခင်ခင်ဝင်း	-	အဖွဲ့ဝင်	-

(ခ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ကျေးရွာမှပူးပေါင်းပါဝင်ဆောင်နိုင်ရေးတို့အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲမှုမှာ အရေးပါလှပါသည်။

(ဂ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျေးရွာဖွံ့ဖြိုးရန်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သောအကူအညီများအား အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုပါသည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
<u>ဆက်သွယ်ရေးကဏ္ဍ</u> လမ်းပမ်းဆက်သွယ်မှုခက်ခဲခြင်း	-မိုးများသောဒေသ ဖြစ်သောကြောင့်ပွင့်လင်းရာသီတွင်သာသွားလာရလွယ်ကူပြီးမိုးတွင်းကာလတွင်သွားလာရန်ခက်ခဲပါသည်။	-မြို့နှင့်အလွန်ဝေး ကွာသော်လည်းနယ်မြေအေးချမ်းမှုရှိခြင်း၊ကျေးရွာတွင်နေထိုင်သောလူဦးရေများခြင်း၊	-တောင်ပေါ်ဒေသအတက်အဆင်းများရှိခြင်း၊ မိုးများသောကြောင့်မြေပြိုခြင်း၊လမ်းပျက်ခြင်းများအတွက်ပြန်လည်ပြုပြုရန်ခက်ခဲ ခြင်း	-လမ်းများကိုတစ်နှစ်ပတ်လုံးသွားလာနိုင်ရန်အတွက်ယခင်ထက် ပိုမိုကောင်းမွန်လာစေရန်ဖောက်လုပ်ဆောင်ရွက်လျှက်ရှိပါသည်။	-တစ်နှစ်ပတ်လုံးသွားလာနိုင်မည့်လမ်းများ ဖောက်လုပ်ခြင်း အစီအမံများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊
<u>စိုက်ပျိုးရေး ကဏ္ဍ</u>	-စိုက်ပျိုးရေးအသိပညာ	-မြေဩဇာနှင့်ဓာတုပိုး	-မိရိုးဖလာရွေ့ပြောင်း	-စိုက်ပျိုးရေးဦးစီးဌာန နှင့်	-စိုက်ပျိုးထုတ်လုပ်မှုတိုး

သီးနှံများစိုက်ပျိုးမှု လျော့နည်းခြင်း	အားနည်းခြင်း၊ငွေကြေး မပြည့်စုံခြင်း၊ သီးနှံဖျက်ပိုးကျ ရောက်ခြင်း၊စီးပွားဖြစ် မစိုက်ပျိုးခြင်း၊ စိုက်ပျိုးသီးနှံများအား ရောင်းချရန်အတွက် ဈေးကွက်မရှိခြင်း	သတ်ဆေးများဝယ်ယူရရှိ ရန်လက်လှမ်းမှီခြင်း၊ စိုက်ပျိုးရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊	တောင်ယာစနစ်ကြောင့်မြေဩဇာများပျက်စီးခြင်း၊ နှစ်ရှည်သီးနှံပင်များ မစိုက်ပျိုးနိုင်ခြင်း၊	ချိတ်ဆက်၍ မျိုးကောင်းမျိုးသန့်များ ရရှိအောင် ဆောင်ရွက်ရန်နှင့် နည်းပညာအကူအညီများ ရယူရန်၊	တက်ရေး၊စီးပွား ဖြစ်ဒေသထွက်သီးနှံများတင်ပို့နိုင်စေရေး တစ်နှစ်ပတ်လုံးသွာလာနိုင်ရန်လမ်းများဖောက်လုပ် ပေးခြင်း

(ဃ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန် ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
<u>မွေးမြူရေးကဏ္ဍ</u> <u>မွေးမြူရေးလုပ်ငန်းများမှ အကျိုး အမြတ် လျော့နည်းခြင်း</u>	-ကူးစက်ရောဂါများကျရောက်တတ်ခြင်း၊မွေးမြူရေးနည်းပညာအားနည်းခြင်း၊မွေးမြူရေးသွင်းအားစုများအတွက် ငွေကြေးမပြည့်စုံခြင်း၊ရောင်ချရန်ဈေးကွက်မရှိခြင်း	-မွေး/ကုဋ္ဌာနနှင့်ချိတ်ဆက် ဆောင်ရွက်နိုင်ခြင်း၊မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်တွက် စာကျက်မြေများရှိခြင်း၊ နွားနောက်နှင့် ငါးများမွေးမြူ၍ရခြင်း၊	-ကာကွယ်ဆေး ပုံမှန်မထိုးခြင်း၊ ရောဂါဖြစ်ပါက ရိုးရာနည်းဖြင့်သာကုသခြင်း၊စနစ်တကျခြံခတ်၍မွေးမြူခြင်းမရှိဘဲ လွတ်ကျောင်း စနစ်ဖြင့် သာမွေးမြူခြင်း၊	-မျိုးကောင်းမျိုးသန့်များ ရရှိနိုင်ရေးအတွက်ဆောင်ရွက်ပေးနိုင်ရန်၊တိရိစ္ဆာန်များ ရောဂါ ဖြစ်ပါကမွေး/ကုဋ္ဌာနနှင့်ချိတ်ဆက်၍ကာကွယ်ဆေးထိုးခြင်းများ ပြုလုပ်နိုင်ခြင်း၊	-ရိုးရာဆေးနည်းတစ်မျိုးတည်းနှင့်သာမကုသပဲ မွေးမြူရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲများတက်ရောက်၍ ခေတ်မီနည်းပညာအား အသုံးပြုခြင်း ၊မွေး/ကုဆရာဝန်များနှင့်ချိတ် ဆက်၍မွေးမြူရေးအသိပညာပေးဟောပြောပွဲများ မကြာခဏ ပြုလုပ်ဆောင်ရွက်ခြင်း
<u>ကျန်းမာရေး</u>	-တစ်ကိုယ်ရေသန့်ရှင်း	-ရောဂါဖြစ်ပါက	-ကျန်းမာရေးအသိပညာ	-	-ကျန်းမာရေးဟောပြောပွဲ

<u>ကဏ္ဍ</u> ငှက်ဖျားရောဂါ၊ ဝမ်းပျက်/ဝမ်းလျှောရောဂါ၊ အဆုတ် ရောဂါ ဖြစ်ပွားခြင်း၊	မှုအားနည်းခြင်း၊ ယင်လုံအိမ်သာ အသုံးပြုမှုအားနည်းခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ တက်ရောက်ရန်အားနည်းခြင်း၊မိရိုးဖလာဆေးနည်းများကိုသာအသုံးပြုခြင်း၊	ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် အနည်းငယ်နီးခြင်း၊	ဗဟုသုတနည်းခြင်း၊ ခြင်ထောင်၊ အိမ်သာသုံးပစ္စည်းများ၊ဆေးဝါးများ ဝယ်ယူရန်ငွေကြေးမပြည့်စုံခြင်း၊အမှိုက်များစနစ်တကျ စွန့်ပစ်မှုမရှိခြင်း၊ သန့်ရှင်းသန့်ရပ်မှုအားနည်းခြင်း၊	ကျန်မာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း၊ရပ်ရွာသန့်ရှင်းသာယာရေးအတွက်လူငယ်အဖွဲ့များဖွဲ့စည်းထားခြင်း၊အစားအစာများကိုယင်မနားစေခြင်း၊ယင်လုံအိမ်သာများဆောက်လုပ်သုံးစွဲစေခြင်း၊	များကျေးရွာတွင် မကြာခဏပြုလုပ်ပေးခြင်း၊တစ်ကိုယ်ရေသန့်ရှင်းမှုရှိစေရန် တိုက်တွန်းပြောဆိုခြင်း၊ ရောဂါဖြစ်ပါကမိရိုးဖလာဆေးနည်းကိုသာအသုံးမပြုစေဘဲ ခေတ်မီဆေးနည်းများဖြင့် ကုသမှု ခံယူ စေရန်၊ ကိုယ်ဝန်ဆောင်နှင့် ကလေးများ ပြုစု

(ဃ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန် ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	အိမ်အတွင်း၌မီးဖိုဘေးတွင် အိပ်ခြင်း				စောင့်ရှောက်ရန်ပရဟိတ အသင်းများဖွဲ့စည်းခြင်း၊
<u>**ကျား/မရေးရာကဏ္ဍ**</u> အမျိုးသမီးများ အနေဖြင့်ရပ်ရွာ အရေးကိစ္စများတွင်ပူးပေါင်းပါ	အမျိုးသမီးများအနေဖြင့်ဗမာစကားမတတ်ခြင်း၊အစည်းအဝေးများတွင်တက်ရောက်မှုအားနည်းခြင်း၊ အသင်းအဖွဲ့များတွင် ပူးပေါင်းပါဝင်မှု အားနည်းခြင်းနှင့်	-အမျိုးသမီးများသည် လုပ်ငန်းလုပ်ကိုင်ရာတွင် ယောကျ်ားသားများနှင့် တန်တူလုပ်ကိုင်နိုင်ခြင်း၊ ကျား/မတန်းတူပညာ	-ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ၏ပူး ပေါင်းပါဝင်မှုအားနည်းခြင်း၊မိဘများနှင့် အမျိုး	- ရပ်ရွာကိစ္စများတွင်အမျိုးသမီးများပါဝင်လာစေရန် တိုက်တွန်းမှုများပြုလုပ်ပေးခြင်း၊ ရပ်ရွာအသင်း	- အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုမြင့်မားလာ စေရန် အတွက် အသိပညာပေး ဟော ပြောပွဲများကျေးရွာ

ဝင်မှုအားနည်းခြင်း၊	ရပ်ရွာကိစ္စများတွင်စိတ်ဝင်စားမှုအားနည်းခြင်း	သင်ကြားခွင်ရခြင်း။	သမီးများအားအိမ်အလုပ်များကိုသာလုပ်ကိုင်စေခြင်း စီမံအုပ်ချုပ်မှုပိုင်းတွင် အမျိုးသမီးများအားနေရာမပေးခြင်း၊	အဖွဲ့များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်တွဲခေါ်ယူမှုများ ပြုလုပ်ခြင်း၊	တွင်ပြု လုပ်ပေးခြင်း၊ မိဘများမှလည်း အိမ်အလုပ်ကိုသာမ လုပ်ကိုင်စေလိုဘဲ ရပ်ရွာအရေးကိစ္စများနှင့် အသင်းအဖွဲ့ များတွင် ပူးပေါင်း၍ ပရဟိတ အလုပ်များ လုပ်ကိုင်ဆောင် ရွက်ရန် တိုက်တွန်းပြောဆို ခြင်း၊
<u>အခြားစီးပွားရေးကဏ္ဍ</u> စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြား အလုပ်အကိုင်	- အသက်မွေးဝမ်းကျောင်းအတတ်ပညာများတက်မြောက်မှုနည်းခြင်း၊ မိရိုးဖလာတောင်ယာလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြခြင်း၊ မှုအားနည်းခြင်း၊	-အလုပ်လုပ်နိုင်သောလူငယ်၊လူရွယ်များရှိခြင်း၊အသက်မွေးဝမ်းကျောင်းသင်တန်းများေးသည့်သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်	- အသက်မွေးဝမ်းကျောင်းအတတ်ပညာများအားသင်ယူရန် အတွက် မိဘများအနေဖြင့်တွန်းအားမပေးခြင်း၊	- တောင်ယာလုပ်ငန်းတစ်ခုတည်းသာမက သက်ဆိုင်ရာဌာနများ နှင့်ချိတ်ဆက်၍အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ခြင်း၊	-သက်ဆိုင်ရာဌာနများ နှင့် ပူးပေါင်း၍ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ ကျေးရွာတွင် ဖွင့်လှစ်နိုင်ရန်

(ဃ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
အခွင့်အလမ်းများ နည်းပါးခြင်း	လေ့လာ သင်ယူမှုအားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊	ဆောင်ရွက်နိုင်ခြင်း	အလုပ်အကိုင်အခွင့်အလမ်းများနည်းပါခြင်း၊	အသေးစားလုပ်ငန်းများ လုပ်ကိုင်ရန်အတွက်သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ လူငယ်များအား စီးပွားရေး လုပ်ငန်းများတွင်အားတက်	အတွက် သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်၍အကူအညီရယူဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများအားအိမ်စား ရုံသာမကဘဲစီးပွား ဖြစ်

				သရောပါဝင်လာစေရန် အ တွက်တွန်းအားပေးနှိုး ဆော်ခြင်းများဆောင်ရွက်ရန်	မွေးမြူ၍ဈေးကွက်သို့တင် ပို့နိုင်ရေး ဆောင်ရွက်ရန်၊
<u>မူးယဇ်ဆေးဝါး အန္တရာယ်</u> မူးယဇ်ဆေးဝါးသုံးစွဲ ခြင်း၊	မူးယဇ်ဆေးဝါးများစိုက်ပျိုး မှုအား ထိရောက်စွာ အရေး ယူ ဆောင်ရွက်နိုင်မှုမရှိ ခြင်း၊ ဝယ်ယူရန်လက်လှမ်း မီခြင်း၊မူးယဇ်ဆေးဝါးသုံးစွဲမှု အန္တရာယ် အသိပညာများ ဟောပြောပွဲများတွင် တက် ရောက်သူနည်းပါးခြင်း၊	မူးယဇ်ဆေးသုံးသူများ အား ဆေးဖြတ်ရန် အတွက် သက်ဆိုင်ရာ ဌာနနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ခြင်း ၊မူးယဇ် ဆေးဝါးအသိ ပညာပေးဟောပြောပွဲမျ ား ပြုလုပ်နိုင်ခြင်း၊	-ဥပဒေအရအရေးယူမှု ထိရောက်စွာအား နည်း ခြင်း၊ သက်ဆိုင် ရာဌာန များနှင့် ပူးပေါင်းမှုအား နည်းခြင်း၊ မူးယဇ်ဆေး ဝါးသုံးစွဲမှု အန္တရာယ် အသိပညာ ပေးဟော ပြောပွဲများတွင် တက် ရောက်မှု နည်းပါးခြင်း	-သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဥပဒေအရ ထိရောက်စွာအရေးယူခြင်း၊မူး ယဇ်ဆေးဝါး ပပျောက်ရေး အသိပညာ ပေးဟောပြော ပွဲ များ ပြုလုပ်ခြင်း၊	-မူးယဇ်ဆေးဝါး ပပျောက်စေရန်အတွက် ဥပဒေအရထိရောက်စွာ ဆောင်ရွက်ခြင်း၊
<u>ကျေးရွာတွင်းရှိ အခြေခံ အဆောက်အဦများ</u> ရွာတွင်းလမ်းမကောင်းခြင်း	လမ်းဖောက်ရန်အတွက် ငွေကြေးမပြည့်စုံခြင်း၊စာ တတ်မြောက်မှု နည်းပါး	သစ်/ဝါးပေါများခြင်း၊ သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်		-စာကြည့်တိုက် တည် ထောင်ရန်တိုက်တွန်း ဆွေးနွေးခြင်း၊	သက်ဆိုင်ရာဌာနများ နှင့်ပူးပေါင်းကာ ရန်ပုံ ငွေနှင့်နည်းပညာရရှိရန်

(ဃ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
စာကြည့်တိုက်မရှိခြင်း	သည့်အတွက် စာကြည့်တိုက်	ရှက်နိုင်ခြင်း	-ငွေကြေးမတတ်နိုင်	ဆက်သွယ်ရေးလိုင်းများ	ဆောင်ရွက်ခြင်း၊

ဖုန်းလိုင်းမမိခြင်း၊	တည် ထောင်ရန်အတွက် တွန်းအားပေး မှုများမရှိခြင်း ၊မြို့နှင့် အလွယ်တကူ ဆက်သွယ်ရန်အတွက်ဖုန်းလိုင်း မမိခြင်း၊		ခြင်း၊သက်ဆိုင်ရာဌာန များနှင့် ချိတ်ဆက်မှု အားနည်းခြင်း၊	ကောင်မွန်လာစေရန် ဆောင်ရွက်ခြင်း၊	
<u>ပညာရေး</u> -အခြေခံပညာရေးကို ဆုံခန်းတိုင်အောင် မသင်ကြားခြင်း၊ ပညား ရေးကိုဦးစားမပေး ခြင်း၊	-အခြေခံပညာသင်ကြား တတ်မြောက်မှုအားနည်းခြင်း၊ စိတ်ပါဝင်စားမှုနည်းခြင်း၊ စားဝတ် နေရေးမပြေလည်ခြင်း ၊မိဘများအနေဖြင့်ပညာရေးကို ဦးစားမပေးခြင်း၊ကျောင်းစရိတ် မတတ်နိုင်ခြင်း၊အိမ်အလုပ်များ ကိုသာကူညီ၍လုပ်ကိုင်ရသော ကြောင့်စာကြည့်ချိန်မရခြင်း၊ ကျောင်းသား/ဆရာမအချိုးမညီ ခြင်း၊ ဘာသာရပ်အလိုက် ကျွမ်းကျင်ဆရာမသင်ကြားမှု အားနည်းခြင်း၊	နိုင်ငံတော်မှ စာအုပ်၊ ဝတ်စုံ၊ သင်ထောက် ကူပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ စာသင်ကျောင်း ဆောင်များ တိုးချဲ့ ဆောက်လုပ်ရန် အတွက်သစ်၊ ဝါးများ ပေါများခြင်း	-မိဘ၊ဆရာပူးပေါင်း၍ ပညာရေးမြှင့်တင်ရန်လို အပ်ခြင်း၊ မူလတန်း အောင်မြင်သော်လည်း အလယ်တန်း၊ အထက် တန်းသို့ ဆက်လက် ပညာသင်ယူရန်အတွက် ကျောင်းစရိတ်မတတ် နိုင်ခြင်း၊အလုပ်အကိုင် အခွင့်အလမ်း နည်းပါး ခြင်း၊ မိဘများမှ ပညာ ရေးကို ဦးစားမပေးခြင်း၊	-ပညာရေးအဆောက်အဦ များနှင့်ဝန်ဆောင်မှုများ ကောင်းအောင်ဆောင် ရွက်ခြင်း၊ကလေးငယ်များ အာဟာရပြည့်ဝရေး ဆောင်ရွက်ခြင်း၊အလုပ် အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊လမ်းပန်း ဆက်သွယ်ရေးကောင်းမွန် အောင်ဆောင်ရွက်ခြင်း၊ မိဘ၊ဆရာအသင်းဝင် များပူးပေါင်း၍ကလေး များ၏ပညာရေး၊ဖန်တီး ပေးခြင်း၊	-ကျောင်းဆောင်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ သင်ထောက်ကူ ပစ္စည်းများ ရရှိအောင် ဆောင်ရွက် ပေးခြင်း ၊သင်ကြားမှုအဆင့်မြှင့် တင်ခြင်း၊ ကျောင်းဆရာ/ ဆရာမများ တိုးပွားစေရန် အတွက် သက်ဆိုင်ရာဌာန နှင့် ပူးပေါင်းဆောင် ရွက်ခြင်း၊ ထူးချွန် ကျောင်းသားများအတွက် ထောက်ပံ့ကြေး ရရှိစေရန် အတွက် ဆောင်ရွက် ပေးခြင်း

(ဃ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့်	ဖြေရှင်းမည့်	အဆိုပြုစီမံချက်နှင့်

			စိန်ခေါ်မှု	နည်းလမ်းများ	လုပ်ငန်းများ
<u>အသေးစားစီးပွားရေး လုပ်ငန်း</u> အသေးစားစီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အရင်းအနှီး မရနိုင်ခြင်း	-တောင်ယာလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ပြီး အခြားအသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် ငွေကြေးအပိုမရှိခြင်း၊	- မြေဆီလွှာကောင်း၍ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်တစ်နိုင်တစ်ပိုင် အသေးစား လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊	-အသေးစားစီးပွားရေး လုပ်ငန်း စီမံခန့်ခွဲနိုင်စွမ်း အားနည်းခြင်း၊ ဈေးကွက်ထိုးဖောက် မှုအသိပညာ အားနည်းခြင်း၊	-အသေးစားချေးငွေဝန်ဆောင်မှုဆောင်ရွက်သောဌာန/အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အသေးစားစီးပွားရေးလုပ်ငန်းများချဲ့ထွင်းဆောင်ရွက်လာစေရန်၊	-သက်ဆိုင်ရာဌာနများမှဘဏ်ဝန်ဆောင်မှုနှင့် အသေးစားချေးငွေ လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း

၉။ **ဝမ်းစာဖူလုံမှု အခြေအနေနှင့် အကြွေးတင်မှုစစ်တမ်း ကောက်ယူခြင်း;**

စဉ်	အိမ်ထောင်ဦးစီး အမည်	ဇနအ	ဝမ်းစာဖူလုံမှုအခြေအနေကောက်ယူခြင်း (သက်ဆိုင်သည့်အကွက်ကို ခြစ်ရန်	အကြွေးတင်မှုစစ်တမ်းကောက်ယူခြင်း (မှတ်ချက်တွင်ဖော်ပြချက်များကို အသုံးပြုရန်)

			လွန်ခဲ့သော(၁၂)လအတွင်း ဝမ်းစာဖူလုံမှု					ဝမ်းစာဖူလုံမှု(လ)			အကြွေး တင်မှု (ရှိ/မရှိ)	မည်သူ့ထံမှ ချေးယူ (၁-၇)	မည်သည့် ကိစ္စအတွက် သုံးစွဲ(၈-၁၃)
			အခြားအစာ ပြောင်းလဲစား	လျှော့စား	ချေးယူ	အထောက်အပံ့ယူ	လုပ်အားခကြိုယူ	၃လ အောက်	၃-၆ လ	၆- ၁၂ လ			
၁	ဦးမိကြူ	A		-			-			√			
၂	ဦးဟန်း	B		-			-			√			
၃	ဦးမောင်မောင်	C		-	√		-			√	√	၁	၈
၄	ဦးထန်ဋ္ဌ	A		-			-			√			
၅	ဦးကွေ	B		-			-			√			
၆	ဦးဟန်ထိုက်	C		-	√		-			√	√	၁	၁၀
၇	ဦးအကွေး	B		-			-			√			
၈	ဦးလန်းလယ်	C		-	√		-			√	√	၁	၈
၉	ဦးပါငွန်	B		-			-			√			
၁၀	ဦးတော့ကြူ	C		-	√		-			√	√	၁	၁၁
၁၁	ဦးရန်ဟီး	A		-			-			√			
